နေ့စဉ်တိုင်းရင်းသားသတင်းများစုဆောင်းတင်ပြခြင်း

(No. 104, June 8, 2021)

၁။ ဟားခါးမြို့နယ်ရှိ ကျေးရွာတစ်ရွာအား စစ်ကောင်စီမှ ဝင်ရောက်စီးနင်း၊ ပစ္စည်းတွေပါယူ

၂။ လူ ၂၀ ခန့်သာဆန့်သည့် ဟားခါးမြို့ ရဲစခန်းအချုပ်ခန်းတွင် လူ ၇၀ ဝန်းကျင် နေထိုင်နေရ

၃။ လိုင်ဇာမြို့အနီး အာဏာသိမ်းစစ်တပ်၏ ယာဉ်တန်းကို KIA ကြားဖြတ် တိုက်ခိုက်

၄။ ဒေါ့ဖုန်းယန်မြို့အနီးတွင် အကြမ်းဖက်စစ်တပ်ကို KIA က ကြားဖြတ်တိုက်ခိုက်

၅။ KIAနဲ့ ဆက်သွယ်သည်ဟုဆိုကာ ချီဖွေစစ်ရှောင်စခန်းမှ အမျိုးသမီးတစ်ဦး စစ်ကောင်စီက ဖမ်းဆီးထား

၆။ တနိုင်းမြို့နယ်တွင် အကြမ်းဖက်စစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ကျေးရွာစာသင်ကျောင်းနှင့် နေအိမ်တချို့ မီးလောင်ပျက်စီး

၇။ အာဏာသိမ်းစစ်တပ်က ကားဖြင့်တိုက်သဖြင့် ပူတာအိုဒေသခံတစ်ဦး ခြေတစ်ဖက်ကျိုး

၈။ အင်အား ၃၀၀ ဝန်းကျင်ရှိတဲ့ အကြမ်းဖက်စစ်ကောင်စီမှ ယာဒိုကျေးရွာမှာ တပ်စွဲထားဆဲ၊ ဒေသခံများ တိမ်းရှောင်နေရ

၉။ မိုးဖြဲတွင် အကြမ်းဖက်စစ်ကောင်စီမှ လူနေအိမ်များကို မီးရှို့ဖျက်ဆီး

၁၀။ မိုးဖြဲတိုက်ပွဲတွင် အကြမ်းဖက်စစ်ကောင်စီတပ်က ၂၀ ဝန်းကျင်သေဆုံးပြီး PDF က လက်နက်ခဲယမ်းများရရှိ

၁၁။ အကြမ်းဖက်စစ်ကောင်စီတပ်က လူသားဒိုင်းကာအသုံးပြုပြီး တိုက်ခိုက်လာ

၁၂။ ကရင်နီပြည်နယ်ရဲ့ လူဦးရေ လေးပုံတစ်ပုံ စစ်ဘေးရှောင်နေရ

၁၃။ ထော်ရွဲရွာရှိ စစ်ကျွန်ပညာရေးအလိုမရှိကြောင်းလှုပ်ရှားမှု လုပ်ဆောင်သူများကို အရေးယူမည်ဟု ခြိမ်းခြောက်ခံရ

၁၄။ ကျုံပျော် ပစ်ခတ်မှုအတွင်း ဖမ်းဆီးခံရသူ ၂၃ ဦး ပြန်လွတ်ပေးခြင်းမရှိသေး

၁၅။ ကရင်ပြည်နယ်အတွင်းရှိ အာဇာနည်ဗိမ္မာန်များအား စစ်ကောင်စီ အဖွဲ့မှ ညတွင်းချင်း ဖြိုချဖျက်ဆီး။

၁၆။ ကြာအင်းဆိပ်ကြီးမြို့နယ် စစ်ကောင်စီအခြေစိုက်စခန်းရှိသည့် တောင်စွန်းရွာတွင် လက်နက်ကြီး ပစ်ခတ်မှုဖြစ်ပွား

၁၇။ မြဝတီမြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွား

၁၈။ ပလက်ဝမြို့တွင် ဖမ်းဆီးခံရသောလူငယ် (၃) ဦးပြန်လွတ်ပြီး (၆) ဦးဆက်လက်ဖမ်းဆီးထားဆဲ

၁၉။ မင်းတပ်မြို့နယ်တွင် စစ်ကောင်စီက စစ်ကြောင်း ၃ ကြောင်းဖြင့် ထိုးစစ်ဆင်နေ 0

၂၀။ မင်းတပ်တိုက်ပွဲ စစ်ကောင်စီဘက်မှ ၅၀ ခန့်သေဆုံးမှုရှိဟုဆို

၂၁။ ရခိုင်တွင် မိုင်းနှင့် စစ်ကျန်လက်နက်များပေါက်ကွဲ၍ သေဆုံးသူ (၄၉) ဦးနှင့် ဒဏ်ရာရသူ (၇၉) ဦးအထိရှိလာ

၂၂။ ကလေးသူငယ်တွေ သတ်ဖြတ်ခံရမှုကို UNICEF နဲ့ NUG လက်မခံ

၂၃။ မင်းတပ်မြို့အချုပ်မှာ အရပ်သားတွေ အစားအသောက် လုံလောက်အောင်မစားရဘဲ နှိပ်စက်ခံနေရ

၂၄။ RCSS နဲ့ SSPP တိုက်ပွဲ ဒေသခံတစ်ထောင်လောက် ထွက်ပြေးနေရ

*********************************

## ၁။ ဟားခါးမြို့နယ်ရှိ ကျေးရွာတစ်ရွာအား စစ်ကောင်စီမှ ဝင်ရောက်စီးနင်း၊ ပစ္စည်းတွေပါယူ

June 07, 2021

ဟားခါးမြို့နယ်ရှိ ကျေးရွာတစ်ရွာအား စစ်ကောင်စီမှ ဝင်ရောက်စီးနင်းပြီး ဒေသခံတို့၏ ပစ္စည်းတွေပါ ယူဆောင်သွားကြကာ ယနေ့တိုင် စစ်ကောင်စီတပ်မှ တပ်စွဲထားခြင်းကြောင့် ကျေးရွာလူထုအနေဖြင့် အိမ်မပြန်ရဲသေးကြောင်း ကျေးရွာဒေသခံ တစ်ဦး ထံမှ သိရသည်။

"ကျွန်တော်တို့ရွာ အိမ်ခြေက ၅၀ လောက်ရှိတယ်၊ ရွာခံလူဦးရေက ၂၈၀ လောက်ရှိမယ်၊ ကျွန်တော်တို့အကုန်လုံး ရွာကိုစွန့်ပြီး တော့ တောခိုနေကြတယ်။ ကျွန်တော်တို့ဘက်ကနေတော့ ခုခံတာတို့ဘာတို့တော့ မရှိပါဘူး၊ ဘာလို့လည်းဆိုတော့ ဘာမှလည်း မရှိဘူးလေ၊ ကျွန်တော်တို့မှာ။ သူတို့ဝင်လာတော့မယ်ဆိုတာနဲ့ ကျွန်တော်တို့ ရွာထဲမှာမရှိကြတော့ဘူး၊ သူတို့ ဆိုရ်ခွားမှာ သောင်းကျန်းတယ်ဆိုတာသိသိချင်း ရွာကနေ ထွက်ခွာလာကြတာဖြစ်တယ်၊ အခြေနေကောင်းလို့ ဖြစ်နိုင်မယ်ဆိုရင် ကျွန်တော် တို့ကတော့ ရွာကိုပြန်သွားချင်ပါတယ်၊ ဘာလို့လည်းဆိုတော့ ခုက မိုးတွင်းလည်းဖြစ်တယ်၊ တောထဲမှာလည်းနေရတယ်၊ နောက်ကြာလာရင် စားဖို့သောက်ဖို့အတွက်ပါ စဉ်းစားရမယ်ဆိုတော့" ဟု ဟားခါးမြို့နယ် စစ်ဘေးရှောင် ကျေးရွာဒေသခံ၊ အမည်မဖော်ပြလိုသူတစ်ဦးက ပြောသည်။

ဟားခါးနှင့် မတူပီလမ်းပေါ်တွင် ကျေးရွာပေါင်း ၂၅ ရွာခန့်ရှိပြီး ဆိုရ်ခွားကျေးရွာအပါအဝင် ကျေးရွာ ၅ ရွာခန့်မှာ ရွာကိုစွန့်ပြီး စစ်ဘေးရှောင် တောခိုနေကြကြောင်း သိရသည်။ https://www.bnionline.net/mm/news-81756

******************

## ၂။ လူ ၂၀ ခန့်သာဆန့်သည့် ဟားခါးမြို့ ရဲစခန်းအချုပ်ခန်းတွင် လူ ၇၀ ဝန်းကျင် နေထိုင်နေရ

June 07, 2021

စစ်တပ်မှ အာဏာသိမ်းပြီးနောက် လူ ၂၀ ခန့်သာဆန့်သည့် ဟားခါးမြို့ ရဲစခန်းအချုပ်ခန်းတွင် လက်ရှိအဖမ်းခံရသူ ၆၉ ဦးရှိပြီး ထိုထဲတွင် မိန်းကလေး ၉ ဦးပါဝင်ကြောင်း သိရသည်။

ဟားခါးမြို့ ရဲစခန်းအချုပ်ခန်းသည် လူ ၂၀ ဦးခန့်သာဆန့်သည့် အချုပ်ခန်းဖြစ်ပြီး ယခုအချိန်တွင် ဖမ်းဆီးခံရသူတွေဟာ နေရာကျဉ်းကျပ်စွာ နေကြရပြီး အဖမ်းခံရသူအများစုဟာ ပုဒ်မ ၅၀၅ (က) (ခ) ဖြင့် တရားစွဲဆိုခံထားရကြောင်း သိရသည်။ ဖမ်းခံရသူအချို့သည် ကျန်းမာရေးအခံမကောင်းကျသူများလည်း ပါဝင်နေတာကြောင့် မိဘတစ်ချို့မှ စိတ်ပူပန်နေကြပါသည်။

ယခုချိန်ထိ စစ်သားများမှ ဟားခါးမြို့ပေါ်ရပ်ကွက်များထဲ အိမ်တွင်းဝင်ရောက်ဖမ်းဆီးခြင်းများ၊ လမ်းသွားလမ်းလာပြည်သူ များကို ဖမ်းဆီးခြင်းများ ပြုလုပ်လျက်ရှိနေကြောင်း ဒေသခံများထံမှ သိရသည်။ စစ်ကောင်စီတပ်ဘက်မှ ဖမ်းဆီးနှိပ်စက်စစ်ဆေး ခြင်းကြောင့် အသက် ၆၀ ဝန်းကျင် အဖိုးအိုတစ်ဦးနှင့် လူလတ်ပိုင်းတစ်ဦးတို့ သေဆုံးခဲ့ပြီး အလောင်းကို စစ်တပ်ဘက်မှ မီးရှို့

သဂြိုလ်ခဲ့ပြီးမှမိသားစုကိုအကြောင်းကြားခဲ့သည့်ဖြစ်စဥ်လည်းပြီးခဲ့တဲ့မေလထဲမှာဖြစ်ပွားမှုလည်းရှိခဲ့သည်။

https://www.bnionline.net/mm/news-81757

*****************

## ၃။ လိုင်ဇာမြို့အနီး အာဏာသိမ်းစစ်တပ်၏ ယာဥ်တန်းကို KIA ကြားဖြတ် တိုက်ခိုက်

8th June 2021

KIO ဗဟိုဌာနချုပ်လိုင်ဇာမြို့အနီး လဂျားယန်ကျေးရွာတွင် ယနေ့နံနက်ပိုင်းက အာဏာသိမ်းစစ်တပ်၏ ရိက္ခာသယ်ယာဥ်တန်းကို ကချင်လွတ်လပ်ရေးတပ်မတော် KIA က ကြားဖြတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဇွန်လ ၈ ရက်နေ့ ယနေ့နံနက် ၉နာရီခန့်အချိန်တွင် ဒေါ့ဖုန်းယန်အခြေစိုက် ခလရ (၁၄၂) တပ်ရင်းမှ တက်လာသော စစ်ရိက္ခာသယ်ကား ယာဥ်တန်း ၁၆ စီးကို KIA တပ်ဖွဲ့က ယခင်လိုင်ဇာမြို့အဝင် လဂျားယန် (Laja Yang) ကျေးရွာတွင် တိုက်ခိုက်ခဲ့သောကြောင့် စစ်ကား ၄ စီးပျက်စီးသွားကြောင်း ဒေသခံ တစ်ဦးထံမှ သိရသည်။

စစ်အာဏာသိမ်းပြီးနောက်ပိုင်း ကချင်လွတ်လပ်ရေးတပ်မတော် KIA နှင့် အာဏာသိမ်းစစ်တပ်တို့ကြား တိုက်ပွဲ ပြန်လည်ပြင်းထန်လာကာ မြစ်ကြီးနား-ဗန်းမော်လမ်းမပေါ်ရှိ အာဏာသိမ်းစစ်တပ် အင်အားတိုးချဲ့သွားလာမှုကို KIA က ပစ်ခတ်တိုက်ခိုက်မှုများ ပုံမှန်ပြုလုပ်နေကြောင်း သိရသည်။ https://burmese.kachinnews.com/2021/06/08/june-8-y1/

****************

## ၄။ ဒေါ့ဖုန်းယန်မြို့အနီးတွင် အကြမ်းဖက်စစ်တပ်ကို KIA က ကြားဖြတ်တိုက်ခိုက်

7th June 2021

မိုးမောက်မြို့နယ် ဒေါ့ဖုန်းယန်မြို့ဘက်သို့ စစ်အင်အား ၂၀၀ ခန့်တိုးချဲ့လာသည့် အာဏာသိမ်းစစ်တပ်၏ စစ်ယာဥ်တန်းကို KIA က ယနေ့ မနက် ၁၀နာရီဝန်းကျင်တွင် ကြားဖြတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဒေါ့ဖုန်းယန်မြို့တွင် အာဏာသိမ်းစစ်တပ်က စစ်အင်အားတို့ချဲ့နေသဖြင့် KIA က ကြားဖြတ်တိုက်ခိုက်မှုများ ပုံမှန်ပြုလုပ်နေပြီး တစ်ပတ်တွင် အနည်းဆုံး ၃ကြိမ်ခန့် ဖြစ်ပွားလျက်ရှိသည်။ ပြီးခဲ့သော အပတ် ဇွန်လ ၃ရက်နေ့ကလည်း နွံလန့်ကျေးရွာမှ တက်လာသည့် စစ်အင်အား ၁၅၀ ခန့်ကို ဒေါ့ဖုန်းယန်မရောက်မီ အူထန်ယန်ကျေးရွာအနီး KIA က ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး အာဏာသိမ်းစစ်တပ်ဘက် ထိခိုက်သေဆုံးသူ ၂၀ကျော်ရှိခဲ့ကြောင်း သိရသည်။

ဒေါ့ဖုန်းယန်မြို့သည် ကချင်လွတ်လပ်ရေးတပ်မတော် KIA ဗဟိုဌာနချုပ် လိုင်ဇာအနီးတွင်ရှိသလို အလောဘွမ်တောင်ခြေအောက်တွင်တည်ရှိနေသောကြောင့် အာဏာသိမ်းစစ်တပ်ဘက်မှ တပ်မ ၈၈ နှင့် ၇၇တို့မှ စစ်အင်အား ၈၀၀ ကျော်ထက်မနည်းတိုးချဲ့ထားကြောင်း ဒေသခံများပြောဆိုချက်မှသိရသည်။ https://burmese.kachinnews.com/2021/06/07/june-6-y1/

****************

## ၅။ KIAနဲ့ ဆက်သွယ်သည်ဟုဆိုကာ ချီဖွေစစ်ရှောင်စခန်းမှ အမျိုးသမီးတစ်ဦး စစ်ကောင်စီက ဖမ်းဆီးထား

5th June 2021

ကချင်ပြည်နယ်၊ ချီဖွေမြို့စစ်ရှောင်စခန်း၂ တွင် နေထိုင်သည့် မူကြိုဆရာမ တစ်ဦးကို ကချင်လွတ်လပ်ရေးတပ်မတော် KIA နှင့် ဆက်အသွယ်ရှိသည်ဟု တိုင်တန်းထားသူရှိသည့်အတွက် ဇွန်လ ၁ရက်နေ့တွင် စစ်ကောင်စီတပ်က ဖမ်းဆီးသွားကြောင်း စစ်ရှောင်များထံမှ သိရသည်။

ဖမ်းဆီးခံထားရသည့် အသက် ၄၀ အရွယ်ရှိ ဒေါ်လဘောင်ခေါ်ညွယ်သည် ဇန်နောင်ယန် မူကြိုကျောင်းမှ မူကြိုဆရာမဖြစ်ပြီး သားသမီး ၄ ဦး မိခင်ဖြစ်ကာ ဖမ်းဆီးခံရချိန် အငယ်ဆုံး သားငယ်ကိုပါ ခေါ်သွားကြောင်း သိရသည်။ ဒေသခံများ၏ ပြောဆိုချက်အရ KIA ဘက်သို့ ဝင်သွားသည့် မိန်းကလေး ၂ဦးသည် မိမိသဘောဆန္ဒဖြင့် ဝင်ရောက်သွားခြင်းသာဖြစ်သောကြောင့် ဆရာမ ဒေါ်လဘောင်ခေါ်ညွယ်နှင့် မသက်ဆိုင်ကြောင်း ပြောဆိုသည်။

ချီဖွေဒေသသည် အာဏာသိမ်းစစ်တပ်နှင့် ၎င်း၏လက်အောက်ခံ ဦးဇခုန်တိန့်ယိန်းဦးဆောင်သော ပြည်သူ့စစ်အဖွဲ့တို့ အားကောင်းသောကြောင့် KIA နှင့် ဆက်သွယ်သည်ဟု ယူဆရသောသူများကို ဖမ်းဆီးမှုများရှိနေသလို၊ စစ်ရှောင်များကိုလည်း ပြည်သူ့စစ်မလုပ်မနေရ ဖိအားပေးမှုများရှိနေသည်။ https://burmese.kachinnews.com/2021/06/05/june-5-z1/

****************

## ၆။ တနိုင်းမြို့နယ်တွင် အကြမ်းဖက်စစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ကျေးရွာစာသင်ကျောင်းနှင့် နေအိမ်တချို့ မီးလောင်ပျက်စီး

4th June 2021

တနိုင်းမြို့နယ် တနိုင်းချောင်းအောက် တလူး (Daru) ကျေးရွာတွင် အကြမ်းဖက်စစ်ကောင်စီတပ်က ဂျက်လေယာဉ်ဖြင့် ၂ရက်ဆက်တိုက် ဗုံးကြဲတိုက်ခိုက်ခဲ့သောကြောင့် ကျေးရွာစာသင်ကျောင်းနှင့် လူနေအိမ်အချို့ ပျက်စီးသွားကြောင်း သိရသည်။ ဇွန်လ ၂ရက်နေ့တွင် လေယာဉ် ၂စီး၊ ဇွန်လ ၃ရက်နေ့ တွင် လေယာဉ် ၄စီးဖြင့် ဆက်တိုက် ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း ဒေသခံတစ်ဦး၏ ပြောဆိုချက်မှ သိရသည်။

စစ်ကောင်စီတပ်က ဗုံးကြဲတိုက်ခိုက်သည့်အတွက် ကျေးရွာအတွင်းရှိနေသည့် KIA စစ်သားတစ်ဦး သေဆုံးခဲ့ပြီး ပြည်သူတစ်ဦးလည်း ဒဏ်ရာပြင်းထန်စွာရရှိသွားကြောင်း သိရသည်။ ထိုသို့ ကျေးရွာမီးရှို့ခံရသော ဒေသခံများတွင် အချို့က တနိုင်းမြို့သို့ ထွက်ပြေးလာနေကြောင်း တနိုင်းမြို့ခံတစ်ဦးထံမှ သိရသည်။

တလူး (Daru) ကျေးရွာသည် တနိုင်းမြို့ အနောက်ဘက် မိုင် ၃၀ကျော်ခန့်ဝေးသည့်နေရာတွင်တည်ရှိပြီး ဖုန်းလိုင်းနှင့် ဆက်သွယ်ရေးအလွန် ခက်ခဲသော နေရာဒေသတစ်ခုဖြစ်ပါသည်။ တလူး (Daru) ကျေးရွာသည် ယခင်က KIA ထိန်းချုပ်နယ်မြေဖြစ်သော်လည်း ၂၀၁၈ ခုနှစ် ဟူးကောင်းဒေသကို အကြမ်းဖက်စစ်ကောင်စီက နယ်မြေရှင်းလင်းစဉ် သိမ်းပိုက်ခဲ့သည်။ သို့သော် ထိုဒေသတွင် ယနေ့ချိန်ထိ နှစ်ဖက်တပ်လှုပ်ရှားနေဆဲဖြစ်သည်။

https://burmese.kachinnews.com/2021/06/04/june-4-y2/

***************

## ၇။ အာဏာသိမ်းစစ်တပ်က ကားဖြင့်တိုက်သဖြင့် ပူတာအိုဒေသခံတစ်ဦး ခြေတစ်ဖက်ကျိုး

7th June 2021

ပူတာအိုမြို့နယ် ဖတ်မာ (Hpak Ma Mare) ကျေးရွာတွင် အရှိန်ဖြင့်မောင်းလာသော အာဏာသိမ်းစစ်တပ်ယာဉ်တန်းက ပြည်သူတစ်ဦးကို ကားဖြင့်တိုက်ခဲ့သောကြောင့် ခြေကျိုးသည်အထိ ဒဏ်ရာ ရရှိထားကြောင်း သိရသည်။

ဇွန်လ ၅ရက်နေ့ ပူတာအိုမြို့နယ် ဆွမ်ပီယန်ကျေးရွာအုပ်စုရှိ အုပ်ချုပ်မှုးများနှင့် ဆယ်အိမ်မှုး ၁၇ ယောက်ကို ဖမ်းဆီးပြီး လူသားဒိုင်းအဖြစ် ပူတာအိုဘက်သို့ ကားဖြင့်ခေါ်လာစဉ် အဆိုပါယာဉ်တန်းက ဖတ်မာကျေးရွာတွင်နေထိုင်သည့် အသက် ၅၀ အရွယ် ဦး Tsam La ကို တိုက်ခဲ့ကြောင်း ဒေသခံတစ်ဦးက KNG သတင်းဌာနကို ပြောဆိုခဲ့သည်။

ဒဏ်ရာပြင်းထန်ခဲ့သည့် ဦး Tsam La ကို ဖတ်မာကျေးရွာတွင် ဆေးကုသရန်ခက်ခဲသောကြောင့် မိသားစုဝင်များက ဆွမ်ပီယန်ကျေးရွာဘက်သို့ ခေါ်ဆောင်သွားပြီး တိုင်းရင်းဆေး ကုသနေရကြောင်း သိရသည်။ အာဏာသိမ်းစစ်တပ်သည် ဆွမ်ပရာဘွမ်နှင့် ပူတာအို လမ်းမပေါ်ရှိ ပြည်သူများကို ဖမ်းဆီးပြီး ၎င်းတို့၏ စစ်ယာဉ်တန်းလုံခြုံရေးအတွက် လူသားဒိုင်းအဖြစ် ခေါ်ဆောင်မှုများ ပြုလုပ်နေကြောင်း သိရသည်။ https://burmese.kachinnews.com/2021/06/07/june-7-y2/

***************

## ၈။ အင်အား ၃၀၀ ဝန်းကျင်ရှိတဲ့ အကြမ်းဖက်စစ်ကောင်စီမှ ယာဒိုကျေးရွာမှာ တပ်စွဲထားဆဲ၊ ဒေသခံများ တိမ်းရှောင်နေရ

*June 8, 2021*

ကရင်နီပြည်နယ်ကို စစ်အင်အားဖြည့်မယ်လို့ယူဆရတဲ့ စစ်ကောင်စီတပ်မှ အင်အား ၃၀၀ ဝန်းကျင်က ယမန်နေ့ (ဇွန်လ၇ရက်) မှာ တောင်ငူမြို့ဖက်မှ ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ် လိပ်သို-သောက်ရေခပ်-ယာဒိုလမ်းအတိုင်း လူအင်အား၊ ရိက္ခာအပြည့်ပါတဲ့ စစ်ကားအစီး (၂၀)ကျော်နဲ့ ဆင်းလာပြီး ညနေပိုင်းမှစ ယားဒိုကျေးရွာမှာ တပ်စွဲထားသလို ဒီကနေ့ ဇွန်လ ၈ ရက်နေ့ နံနက်ပိုင်းအထိ တပ်စွဲထားတယ်လို့ ယာဒိုဒေသခံတစ်ဦးက ပြောပါတယ်။

စစ်ကောင်စီတပ်မှာ စစ်အင်အားနဲ့ ရိက္ခာကို ယာဒိုကျေးရွာမှာ ပို့ဆောင်ထားပြီး ညပိုင်းမှာတော့ စစ်ကား ၁၀ စီးကျော်က သောက်ရေခပ်ကျေးရွာ ယာယီဘောလုံးကွင်းမှာ ညအိပ်ရပ်နားထားခဲ့တယ်လို့ သိရပါတယ်။ ယာဒိုကျေးရွာအနီးတစ်ဝိုက်မှာ တပ်စွဲထားတဲ့ စစ်ကောင်စီတပ်ဟာ ဒီကနေ့ ညနေပိုင်းမှာ ခြေလျင်ခရီးနဲ့ ဆီးဘူးဒေသကိုဆက်လက်သွားမှာဖြစ်ပြီး ကရင်နီပြည်နယ် ဒီမော့ဆိုမြို့နယ်အတွင်း ဝင်ရောက်ဖွယ်ရှိတယ်လို့ ဒေသခံတွေက ပြောဆိုနေကြပါတယ်။ ဒီညနေမှာ တပ်စွဲမယ်လို့ သတင်းကြားတဲ့ ဆီးဘူးဒေသခံတွေလည်း စိုးရိမ်မှုရှိသလို စစ်ပွဲဖြစ်မှာစိုးရိမ်နေကြတဲ့အတွက် ဒေသခံတချို့လည်း ကြိုတင်တိမ်းရှောင်နေကြတယ်လို့ သိရပါတယ်။

လက်ရှိ စစ်ကောင်စီတပ်စွဲထားတဲ့ ယာဒိုကျေးရွာဟာ ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်အတွင်း တည်ရှိပြီး KNU တပ်မဟာ(၂) ထိန်းချုပ်နယ်မြေအတွင်း တည်ရှိသလို ရှမ်းပြည်နယ်တောင်ပိုင်း ဆီးဘူးဒေသဟာဆိုရင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဖြစ်တဲ့ ကယန်းပြည်သစ်ဌာနချုပ် တည်ရှိရာ နေရာပဲ ဖြစ်ပါတယ်။

https://www.kantarawaddytimes.org/?p=13295

*****************

## ၉။ မိုးဖြဲတွင် အကြမ်းဖက်စစ်ကောင်စီမှ လူနေအိမ်များကို မီးရှို့ဖျက်ဆီး

June 6, 2021

ရှမ်း-ကရင်နီနယ်စပ် မိုးဖြဲမြို့မှာ ဒီကနေ့ ဇွန်လ ၆ရက်နေ့ ညဂုနာရီ ဝန်းကျင်အချိန်မှာ လက်နက်ကြီးတွေကို အဆက်မပြတ် အသုံးပြုပစ်ခတ်ခဲ့ပြီးတဲ့နောက်မှာ လူနေအိမ်တွေကို မီးရှို့ဖျက်ဆီးခဲ့တယ်လို့ ဒေသခံဆီကနေ သိရပါတယ်။

ယနေ့ ဇွန်လ ၆ ရက်နေ့ နံနက်ပိုင်းမှာ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ပြီး နေ့လည်ပိုင်းမှာ ပြန်လည်တည်ငြိမ်သွားခဲ့ပေမယ့် ညနေပိုင်းမှာ အဆက်မပြတ် ပြန်လည်ပစ်ခတ်ခဲ့တယ်လို့ သိရပါတယ်။ မိုးဖြဲမြို့ကို အကြမ်းဖက်စစ်ကောင်စီက အင်အားအများအပြားနဲ့တပ်စွဲထားပြီး လမ်းသွားလမ်းလာပြည်သူအချို့ကို အကြောင်းမဲ့ ပစ်ခတ်ခဲ့တဲ့အတွက် သေဆုံးမှုလည်းရှိခဲ့ပါတယ်။

ဒါ့အပြင် ပြည်သူအချို့ကိုလည်းဖမ်းဆီးပြီး လူသားဒိုင်းကာအဖြစ် အသုံးပြုနေတာတွေလည်း ရှိပါတယ်။ အကြမ်းဖက်စစ်ကောင်စီက နေ့စဉ် မိုးဖြဲမြို့နဲ့ ဒီးမော့ဆိုမြို့ကို လက်နက်ကြီးတွေနဲ့ပစ်ခတ်နေတာကြောင့် ဘုရားကျောင်းအပါအဝင် နေအိမ်တွေ ထိခိုက်ပျက်စီးမှုအများအပြားရှိနေပြီလို့ သိရပါတယ်။ https://www.kantarawaddytimes.org/?p=13276

***************

## ၁၀။ မိုးဖြဲတိုက်ပွဲတွင် အကြမ်းဖက်စစ်ကောင်စီတပ်က ၂၀ ဝန်းကျင်သေဆုံးပြီး PDF က လက်နက်ခဲယမ်းများရရှိ

June 5, 2021

ဒီကနေ့ ဇွန်လ ၅ရက်နေ့ ရှမ်း-ကရင်နီနယ်စပ် မိုးဖြဲတိုက်ပွဲမှာ မိုးဖြဲ PDF နဲ့ အကြမ်းဖက်စစ်ကောင်စီတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်က ၂၀ ဝန်းကျင်သေဆုံးသလို လက်နက်ခဲယမ်းများရရှိခဲ့တယ်လို့ ကရင်နီအမျိုးသားကာကွယ်ရေးတပ်(KNDF) သတင်းနှင့်ပြန်ကြားရေးက သတင်းထုတ်ပြန်ပါတယ်။

အဆိုပါတိုက်ပွဲမှာ မိုးဖြဲ PDF တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ပြီး နှစ်ဖက်ထိခိုက်ဒဏ်ရာရရှိတဲ့စာရင်းကို အတည်ပြုနိုင်ခြင်း မရှိဘူးလို့ ဖော်ပြထားပါတယ်။ စစ်ကောင်စီဖက်က လက်နက်ကြီးတွေနဲ့ အဆက်မပြတ်ပစ်ခတ်ခဲ့တာကြောင့် ပြည်သူ့နေအိမ်အချို့ ပျက်ဆီးခဲ့ရတယ်လို့ သိရပါတယ်။ ဒါ့အပြင် ကရင်နီပြည်နယ် ဒီမော့ဆိုမြို့ ဒေါင်ခါး လမ်းခွအနီးမှာ နံနက် ၄နာရီမှ ၉နာရီအထိ အကြမ်းဖက်စစ်ကောင်စီတပ်က လက်နက်ကြီးနဲ့ ရမ်းသမ်းပစ်ခတ်ခဲ့ပြီး ပြန်လည်ခုခံပစ်တဲ့ KNDF တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာ ရရှိခဲ့တယ်လို့ သိရပါတယ်။

ဒီမော့ဆိုမြို့နဲ့ မိုးဖြဲမြို့မှာ နေ့စဉ် အကြမ်းဖက်စစ်ကောင်စီက လက်နက်ကြီးတွေနဲ့ ပစ်ခတ်နေတာကြောင့် နေအိမ်အချို့ ပျက်ဆီးခဲ့ရပြီး ထွက်ပြေးတိမ်းရှောင်နေရတဲ့ ပြည်သူ ၁သိန်းဝန်းကျင်ရှိနေပြီလို့ သိရပါတယ်။

https://www.kantarawaddytimes.org/?p=13282

***************

## ၁၁။ အကြမ်းဖက်စစ်ကောင်စီတပ်က လူသားဒိုင်းကာအသုံးပြုပြီး တိုက်ခိုက်လာ

June 5, 2021

ယမန်နေ့(ဇွန်လ၄ရက်) ရှမ်း-ကယားနယ်စပ်ရှိ မိုးဗြဲမြို့ ၊ ပွဲကုန်း(၃)ရပ်ကွက်ရှိ ခရစ်ယာန်ဘုရားကျောင်းကို စောင့်ရှောက်ဖို့ ကျန်ခဲ့တဲ့ ပြည်သူ ၅ ဦးကို အကြမ်းဖက်စစ်ကောင်စီတပ်က ဘုရားကျောင်းထဲ တံခါးဖျက်ဝင်ပြီး နှိပ်စက်ဖမ်းဆီးခဲ့ကာ လူသားဒိုင်းကာအဖြစ် အသုံးပြီး တိုက်ခိုက်လာတယ်လို့ အဖမ်းခံရပြီး ပြန်လည်လွတ်မြောက်လာသူရဲ့ မိသားစုဝင်ထံကနေ သိရပါတယ်။

ဇွန်လ ၄ ရက်နေ့ ညနေ ၃နာရီခွဲအချိန်ကစပြီး မိုးဗြဲပြည်သူ့ကာကွယ်ရေးတပ်နဲ့ အကြမ်းဖက်စစ်ကောင်စီတပ်တို့ ၃နာရီကျော်ကြာ တိုက်ပွဲဖြစ်ပွားခဲ့ပြီး သတ်မှတ်ထားတဲ့စည်းကျော်လာတဲ့ အကြမ်းဖက်စစ်ကောင်စီကို ပြန်လည်ပစ်ခတ်ခဲ့တာဖြစ်တယ်လို့ မိုးဗြဲပြည်သူ့ကာကွယ်ရေးတပ်သတင်းနှင့်ပြန်ကြားရေးက ဇွန်လ ၅ရက်နေ့မှာထုတ်ပြန်ထားပါတယ်။

ဇွန်လ ၄ ရက်နေ့ ညနေ ၅ နာရီအချိန်မှာ ပြည်သူ့ကာကွယ်ရေးတပ်မှ စတင်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်စစ်ကောင်စီဖက်မှ ၄ ဦးထက်မနည်း သေဆုံးပြီး ၄ဦးထက်မနည်း ဒဏ်ရာရရှိခဲ့သလို ပြည်သူ့ကာကွယ်တပ်ဖက်က အသေးစားဒဏ်ရာ ၂ ဦး ရရှိခဲ့တယ်လို့ ဖော်ပြထားပါတယ်။ ဒီကနေ့ ဇွန်လ ၅ရက်နေ့ နံနက် ၁၀နာရီဝန်းကျင်မှာ မိုးဗြဲမြို့မှာ ပစ်ခတ်မှုတွေ စတင်ဖြစ်ပွားနေတယ်လို့ ဒေသခံပြောကြားချက်အရသိရပါတယ်။ https://www.kantarawaddytimes.org/?p=13270

******************

## ၁၂။ ကရင်နီပြည်နယ်ရဲ့ လူဦးရေ လေးပုံတစ်ပုံ စစ်ဘေးရှောင်နေရ

June 4, 2021

ကရင်နီပြည်နယ်မှာ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တွေနဲ့ အကြမ်းဖက် စစ်ကောင်စီတပ်တို့ အပြန်အလှန်ပစ်ခတ်မှုတွေ ပြင်းထန်တဲ့အပြင် အကြမ်းဖက်စစ်ကောင်စီတပ်က လက်နက်ကြီး၊ အမြောက်တွေကို ရမ်းသမ်းပစ်ခတ်တာကြောင့် ဘေးလွတ်ရာကို ထွက်ပြေးတိမ်းရှောင်နေရတဲ့သူတွေ ( စစ်လေးရှောင်လူဦးရေ ) ဟာ ပြည်နယ်ရဲ့ လေးပုံတစ်ပုံ ရှိနေပြီလို့ ကရင်နီပြည်နယ် အတိုင်ပင်ခံကောင်စီ (KSCC) ရဲ့ Humanitarian Focal က ပြောပါတယ်။

စစ်ဘေးရှောင်ပြည်သူများက ဒီးမော့ဆိုမြို့နယ်မှာ အများဆုံးဖြစ်ပြီး ၊ ဒုတိယအများဆုံးအနေနဲ့ လွိုင်ကော်မြို့နယ်ဖြစ်တယ်လို့ သိရပါတယ်။ အကြမ်းဖက် စစ်ကောင်စီက သယ်ယူပို့ဆောင်ရေးကို ပိတ်ဆို့ထားတဲ့အတွက် စစ်ဘေးရှောင်တွေကို ကူညီထောက်ပံ့ရာမှာ သယ်ယူပို့ဆောင်ရေးအခက်အခဲကို အကြီးမားဆုံး ရင်ဆိုင်နေရပြီး ငွေကြေးအခက်အခဲအပြင် စစ်ဘေးရှောင်လူထုများက ပြန့်ကျဲနေတဲ့အတွက်လည်း ထောက်ပံ့ရေးမှာ အခက်အခဲရှိတယ်လို့ သိရပါတယ်။ စစ်ဘေးရှောင်လူထုတွေရဲ့ အဓိက လိုအပ်ချက်ဟာ အစာရေစာဖြစ်ပြီး တစ်ပတ်နှစ်ပတ်အတွင်းသာ ဖူလုံနိုင်တယ်လို့ ဒီးမော့ဆိုမြို့နယ်မှ စစ်ဘေးရှောင်ပြည်သူတစ်ဦးက ပြောပါတယ်။

စစ်ဘေးရှောင်လူထုတွေကို စားနပ်ရိက္ခာ၊ ဆေးဝါး တွေကို သယ်ယူပို့ဆောင်ပေးတဲ့နေရာ အကြမ်းဖက်စစ်ကောင်စီအပြင် မည်သည့်အဖွဲ့အစည်းမှ ဝင်ရောက်စွက်ဖက်ခွင့်မရှိပဲ လွတ်လပ်စွာ သယ်ယူပို့ဆောင်နိုင်ဖို့အတွက် နိုင်ငံတကာ အစိုးရတွေ၊ UN တွေ၊ ICRC စတဲ့ Agency တွေက အမြန်ဆုံး စစ်ကောင်စီကို ဖိအားပေးပြီး IDP စခန်းတွေကို ထူထောင်နိုင်အောင် လုပ်ပေးဖို့အတွက် လိုအပ်တဲ့ ဆေးဝါးတွေ၊ စားနပ်ရိက္ခာတွေအပြင်၊ ကျန်းမာရေး၊ ပညာရေးတွေကိုပါ လုပ်ဆောင်ပေးဖို့ KSCC ရဲ့ Humanitarian Focal က တောင်းဆိုသွားပါတယ်။ https://www.kantarawaddytimes.org/?p=13264

## ၁၃။ ထော်ရွဲရွာရှိ စစ်ကျွန်ပညာရေးအလိုမရှိကြောင်းလှုပ်ရှားမှု လုပ်ဆောင်သူများကို အရေးယူမည်ဟု ခြိမ်းခြောက်ခံရ

June 7, 2021

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ထော်ရွဲရွာရှိ အခြေခံပညာအလယ်တန်း(ခွဲ)ကျောင်း၌ စစ်ကျွန်ပညာရေးအလိုမရှိ ကြောင်းလှုပ်ရှားမှု လုပ်ဆောင်သူများကိုအရေး ယူဆောင်ရွက်သွားမည်ဆိုပြီး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အ.လ. က(ခွဲ) ထော်ရွဲ ကျောင်းအုပ်ဆရာမကြီးတို့က ခြိမ်းခြောက်ပြောဆိုမှုပြုလုပ်ခဲ့သည်ဟု ဒေသခံရွာသားများက ပြောသည်။

ပြီးခဲ့သည့်မေလ (၂၅) ရက်နေ့က စာသင်ကျောင်း၏ တံခါးပေါက်နှင့် အုတ်တံတိုင်းများတွင် စစ်ကျွန်ပညာရေးစနစ် အလိုမရှိကြောင်း စာသားများသွားရောက်ရေးသားသူများ၊ ဓာတ်ပုံရိုက်ပြီး လူမှုကွန်ရက်ပေါ်တွင် တင်သူများနှင့် ပြန်လည်မျှဝေသူများကို ဖမ်းဆီးအရေးယူမည့်အပြင် CDM (အာဏာဖီဆန်မှု)လုပ်နေသူများကိုလည်း အချိန်မရွေးအရေးယူရနိုင်သည် ဟုဆိုကာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျောင်းအုပ်ဆရာမကြီးတို့က ခြိမ်းခြောက်ပြောဆိုလျက်ရှိသည်ဟု ဒေသခံများက ပြောသည်။

လက်ရှိ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်ရှိ စာသင်ကျောင်းအချို့သည် ကျောင်းပြန်လည်ဖွင့်လှစ်နေပြီးဖြစ်သလို မဖွင့်လှစ်နိုင်သည့်ကျောင်းများရှိသည့်အထဲတွင် ထော်ရွဲ အ.လ.က (ခွဲ) ကျောင်းသည်လည်း ကျောင်းအပ်နှံသူများ မရှိသည့်အတွက် ကျောင်းပြန်လည် မဖွင့်နိုင်သေးသည့်အပြင် ၎င်းကျောင်းမှကျောင်းဆရာ/မ (၁၄) ဦးရှိသည့် အနက် (၇) ဦးမှာ CDM တွင် ပါဝင်ထားသည်ဟု သိရသည်။ http://kicnews.org/2021/06

******************

## ၁၄။ ကျုံပျော် ပစ်ခတ်မှုအတွင်း ဖမ်းဆီးခံရသူ ၂၃ ဦး ပြန်လွှတ်ပေးခြင်းမရှိသေး

June 7, 2021

ဧရာဝတီတိုင်း၊ ကျုံပျော်မြို့နယ် လေ့ဆွဲကျေးရွာတွင် ပြီးခဲ့သည့် ဇွန်လ ၅ ရက်နေ့က ဖြစ်ပွားခဲ့သော စစ်ကောင်စီတပ်နှင့် ဒေသခံအကြား ပစ်ခတ်မှုတွင် ဒေသခံအရပ်သား ၂၃ ဦး အဖမ်းဆီးခံခဲ့ရပြီး ယခုအထိ ပြန်လည်လွှတ်မြောက်လာခြင်း မရှိသေးကြောင်း ဒေသခံများထံမှ သိရသည်။ ပစ်ခတ်မှု ဖြစ်ပွားခဲ့သည့် လေ့ဆွဲကျေးရွာအတွင်း ဒေသခံ ၅ ဦးနှင့် ရေကြည်မြို့သို့ ထွက်ပြေးတိမ်းရှောင်သွားသည့် လေ့ဆွဲကျေး ရွာသားမဟုတ်သော ဒေသခံအရပ်သား ၁၈ ဦးကို စစ်ကောင်စီတပ်က ဖမ်းဆီးထားခြင်းဖြစ်ပြီး ယနေ့အချိန်ထိ ပြန်လည် လွှတ်မြောက်လာခြင်းမရှိသေးကြောင်း ဒေသခံ တစ်ဦးကပြောသည်။

စစ်ကောင်စီ၏ နိုင်ငံပိုင် သတင်းမီဒီယာ၏ ဖော်ပြချက်အရ အဆိုပါ ပစ်ခတ်မှုအတွင်း လက်လုပ် ဂက်စ်သေနတ် ၆ လက်နှင့် အတူ အကြမ်းဖက်ဆောင်ရွက်သူ ၂၃ဦးကို အရှင်ဖမ်းမိကြောင်း နှင့် ပစ်ခတ်မှုအတွင်း အရပ်သား ၃ ဦးသေဆုံးသွားကြောင်း သတင်းတွင် ဖော်ပြ ကြေညာသွားခဲ့သည်။ လတ်တလော ထွက်ပေါ်လာသည့် သတင်းများအရ အရပ်သားသေဆုံးသူမှာ ၄ဦးသာရှိသော်လည်း ကျုံပျော် ရင်ခွဲရုံသို့ အလောင်း ၇ လောင်းရောက်ရှိနေကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦး၏ ပြောပြချက်ကို ကိုးကား၍ ဒေသခံတစ်ဦးက အတည်ပြုပြောဆိုသလို ၎င်း၇ ဦးတွင် ဦးပကြေးဆိုသူလည်းပါဝင်ကြောင်းပြောဆိုကြပြီး ကေအိုင်စီအနေဖြင့် ၎င်းကိစ္စကို သီးသန့်အတည်ပြု နိုင်ခြင်းမရှိသေးပေ။

ပြီးခဲ့သည့် ဇွန်လ ၅ ရက်နေ့ နံနက်ပိုင်းက ဒလန်၏သတင်းပေးမှုမှ အစပြု၍ လေ့ဆွဲဒေသခံများကို စစ်ကောင်စီတပ်က ဝင်ရောက်ရှာဖွေဖမ်းဆီးရာမှ ဒေသခံ ပြည်သူ့ ကာကွယ်ရေးတပ်ဖွဲ့(PDF) မဟုတ်သည့် ကျေးရွာသားများနှင့် စစ်ကောင်စီ အကြား ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး အရပ်သား ထိခိုက်သေဆုံးသည်အထိ ဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။ http://kicnews.org/2021/06/

## ၁၅။ ကရင်ပြည်နယ်အတွင်းရှိ အာဇာနည်ဗိမ္မာန်များအား စစ်ကောင်စီ အဖွဲ့မှ ညတွင်းချင်း ဖြိုချဖျက်ဆီး။

June 7, 2021

ကရင်ပြည်နယ်အတွင်းရှိ အာဇာနည် ဗိမ္မာန်များအား စစ်ကောင်စီအဖွဲ့မှ ယနေ့ ညတွင်းချင်း ဘူဒိုဇာများ အသုံးပြုကာ ဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ယနေ့ ဇွန်လ ၆ ရက် ည ၉ နာရီအချိန်ခန့်မှစ၍ ကရင်ပြည်နယ် ဖားအံမြို့၊ မြဝတီမြို့၊ ကော့ကရိတ်မြို့ နှင့် ကြာအင်းဆိပ်ကြီး မြို့တို့ရှိ အာဇာနည်ဗိမ္မာန်များကို စစ်ကောင်စီအဖွဲ့မှ ဘူဒိုဇာများဖြင့် ညတွင်းချင်း အင်အားသုံး ဖြိုချဖျက်ဆီးခဲ့ကြသည် ဟုဒေသခံပြည်သူများ က ပြောသည်။ ထိုသို့ အာဇာနည်ဗိမ္မာန်အား ဖြိုချဖျက်ဆီးမှုနှင့် ပတ်သက်၍ စစ်ကောင်စီ၏ လုပ်ရပ်အပေါ် ဒေသခံပြည်သူများအကြား ဝေဖန်မှုများရှိနေသည်။

NLD အစိုးရ အာဏာရစဉ်က ကရင်ပြည်နယ်အတွင်း အာဇာနည်ဗိမ္မာန်များကို ပြုပြင်မွမ်းမံမှု ဆောင်ရွက်ထားခဲ့မှုများကို ယခု စစ်ကောင်စီ အာဏာသိမ်းပြီး ၃ လ ကျော် အကြာတွင် ပထမအကြိမ် ဖြိုချဖျက်ဆီးမှုများ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

http://kicnews.org/2021/06/

****************

## ၁၆။ ကြာအင်းဆိပ်ကြီးမြို့နယ် စစ်ကောင်စီအခြေစိုက်စခန်းရှိသည့် တောင်စွန်းရွာတွင် လက်နက်ကြီး ပစ်ခတ်မှုဖြစ်ပွား

June 5, 2021

ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ် KNU -ကရင်အမျိုးသားအစည်းအရုံး ဒူးပလာယာခရိုင် (တပ်မဟာ ၆) ဝင်းရေး မြို့နယ်ရှိ စစ်ကောင်စီအခြေစိုက်စခန်းရှိသည့် တောင်စွန်းရွာတွင် ယနေ့ဇွန် ၅ ရက် ညနေ ၈ နာရီခွဲအချိန် က ကျေးရွာအနီး လက်နက်ကြီးဖြင့် ပစ်ခတ်မှုဖြစ်ပွားသည့်အတွက် ရွာသားများ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်း ရှောင်နေရကြောင်း ဒေသခံများ ထံမှ သိရသည်။

တောင်စွန်းရွာထဲတွင် လက်နက်ကြီး ၅ လုံးကျရောက်ပြီး ရွာအနီးတောင်ခြေတွင်လည်း လက်နက်ကြီးကျ ရောက်ပေါက်ကွဲမှု ရှိသည့်အတွက် ကျေးရွာသူရွာသားအများစုမှာ ဘေးကင်းရာသို့ ထွက်ပြေးတိမ်းရှောင်နေရဟု အမည်မဖော်လိုသူ ဒေသခံတစ်ဦး က ကေအိုင်စီ သို့ပြောသည်။

အဆိုပါပစ်ခတ်မှုဖြစ်ပွားသည့် တောင်စွန်းရွာသည် KNU အုပ်ချုပ်မှုနယ်မြေဖြစ်သလို စစ်ကောင်စီတပ်စခန်း တပ်စွဲထား သည့်နေ ရာလည်းဖြစ်သည်။ ယမန်နေ့ ဇွန်လ ၄ ရက်နေ့တွင်လည်း ခလယ်-တံခွန်တိုင်ရွာ ရဲစခန်းအနီးတွင် စစ်ကောင်စီ၊ BGF နယ်ခြားစောင့်တပ်ဖွဲ့နှင့် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA) တို့အကြား ပစ်ခတ်မှုဖြစ်ပွားခဲ့သေးသည်။ http://kicnews.org/2021/06/

*****************

## ၁၇။ မြဝတီမြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွား

June 4, 2021

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ် ၅ ရပ်ကွက် ၊ မြို့ပတ်လမ်းရှိ ခရိုင်တရားရုံးရှေ့တွင် ယနေ့ ဇွန်လ ၄ ရက်နေ့ ည ၉ နာရီ ၅မိနစ်ခန့်က ဗုံး ၁ လုံး ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။

ယခု အခင်းဖြစ်နေရာတွင်ပင် ပြီးခဲ့သည့် မေလ ၂၃ ရက်နေ့ ညပိုင်းကလည်း အလားတူ ဗုံးပေါက်ကွဲမှု ဖြစ်သွားခဲ့သေးသည်။

အဆိုပါ ဗုံး ပေါက်ကွဲမှု ၂ ကြိမ်လုံးတွင် လူထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ကြောင်း သိရသည်။ http://kicnews.org/2021/06

*******************

## ၁၈။ ပလက်ဝမြို့တွင် ဖမ်းဆီးခံရသောလူငယ် (၃) ဦးပြန်လွတ်ပြီး (၆) ဦးဆက်လက်ဖမ်းဆီးထားဆဲ

JUNE 8, 2021

ချင်းပြည်နယ် ပလက်ဝမြို့တွင် မေလ ၂၈ ရက်နေ့က ဗုံးနှစ်ကြိမ်ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့်နောက်ပိုင်း ဖမ်းဆီးခံခဲ့ရသူများအနက် ၃ ဦးကို ယမန်နေ့ (ဇွန်လ ၇ ) ရက်ည ပြန်လွှတ်ပေးခဲ့ပြီး ယခုလက်ရှိတွင် ၆ ဦးကို ဆက်လက်ဖမ်းဆီးထားဆဲဟု သိရသည်။

အဆိုပါ ပြန်လွတ်လာသူ (၃) ဦးမှာ အိုက်အောင်သီဟ၊ အောင်နိုင်ထွန်း၊ အိုက်ဂျွန်ညဏ်လင်းထွန်း(ခ) အပုစုတို့ဖြစ်ကြပြီး ကျန် ၆ ဦးကိုမူ ပလက်ဝမြို့ ၂ ဖွဲ့ခွဲပြီးထားရှိကြသည်ဟု အဖမ်းဆီးခံရသူတစ်ဦး၏ ဇနီးဖြစ်သူကပြောသည်။

ပလက်ဝမြို့ ထွေအုပ်ရုံးရှေ့ နှင့် မြန်မာ့စီးပွားရေးဘဏ်ရှေ့တွင် မေလ ၂၈ ရက်နေ့မနက်က ဗုံးနှစ်ကြိမ်ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် အာဏာသိမ်းစစ်ကောင်စီသည် မြို့ပေါ်ရှိ အရပ်ဘက်အဖွဲ့အစည်းတွင်အလုပ်လုပ်နေသူများအပါအဝင် လူငယ် ၁၈ ဦးကို ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး ၁၂ ဦးကို ပြန်လည်လွှတ်ပေးကာ ၆ ဦးကို ဆက်လက်ထိန်းသိမ်းထားခြင်းဖြစ်သည်။

https://khonumthung.org

*******************

## ၁၉။ မင်းတပ်မြို့နယ်တွင် စစ်ကောင်စီက စစ်ကြောင်း ၃ ကြောင်းဖြင့် ထိုးစစ်ဆင်နေ 0

JUNE 6, 2021

စစ်အုပ်ချုပ်ရေးကြေညာခံထားရသည့် ချင်းပြည်နယ် မင်းတပ်မြို့နယ်တွင် အာဏာသိမ်းစစ်ကောင်စီတပ်ဖွဲ့သည် စစ်ကြောင်း ၃ ကြောင်းဖြင့် စစ်ဘေးရှောင်ဒုကသည်အများစုနေထိုင်ကြသည့် ကျေးရွာဘက်သို့ တက်လာပြီး ယနေ့နံနက်ပိုင်း ၁၀ နာရီဝန်းကျင်ခန့်ကစ၍ Mindat-CDF တပ်ဖွဲ့များနှင့် ပစ်ခတ်မှုများရှိနေသည်ဟုသိရသည်။

အာဏာသိမ်းစစ်ကောင်စီသည် မင်းတပ်မြို့အရှေ့ဘက်ခြမ်း၊ အနောက်ဘက်ခြမ်းဘက်တို့မှ စစ်ကြောင်း ၂ ကြောင်းဖြင့် Mindat-CDF တပ်ဖွဲ့ကိုထိုးစစ်ဆင်တိုက်ခိုက်လာသည့်အပြင် မင်းတပ်-မကွေးနယ်စပ် ရွှေအောင်သာဘက်တွင်လည်း ဇွန်လ ၃ ရက်နေ့က တည်းက ယနေ့ချိန်ထိ တိုက်ပွဲဖြစ်ပွားနေသည်ဟု Mindat-CDF မှတာဝန်ရှိသူတစ်ဦးကပြောသည်။

စစ်ကောင်စီတပ်ဖွဲ့များသည် လက်နက်ကြီးများကို တောက်လျှောက်အသုံးပြုနေပြီး ယနေ့မနက် ရက်ရှာတိုက်ပွဲတွင် ဒဏ်ရာရရှိသူတစ်ဦးမှာ ခေတ်လက်နက်များရှုရိုက်မိ၍ အဆိပ်သင့်သည့်လက္ခဏာများခံစားနေရကြောင်း Mindat-CDF က ထုတ်ပြန်ထားသည်။ https://khonumthung.org/

*********************

## ၂၀။ မင်းတပ်တိုက်ပွဲ စစ်ကောင်စီဘက်မှ ၅၀ ခန့်သေဆုံးမှုရှိဟုဆို

JUNE 7, 2021

ချင်းပြည်နယ် မင်းတပ်မြို့နယ်တွင် ဇွန်လ ၆ ရက်နေ့က အာဏာသိမ်းစစ်ကောင်စီနှင့် Mindat-CDF အကြား တိုက်ပွဲဖြစ်ပွားမှုတွင် စစ်ကောင်စီဘက်က အယောက် ၅၀ ခန့်သေဆုံးမှုရှိခဲ့ပြီး CDF ဘက်မှ ၃ ဦး ကျဆုံးခဲ့သည်ဟု မင်းတပ်မြို့ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့က ထုတ်ပြန်သည်။

ချောင်းဆုံအနီးတဝိုက်တွင် ဖြစ်သောတိုက်ပွဲ၌ အာဏာသိမ်းစစ်ကောင်စီတပ်များ ၄၀ ခန့်ကျဆုံးခဲ့ပြီး ယုက်ရွာတိုက်ပွဲတွင်လည်း အာဏာသိမ်းစစ်ကောင်စီတပ်ဘက်မှ ၁၀ ဦးခန့်ကျဆုံးမည်ဟု ခန့်မှန်းရပြီး ဒဏ်ရာရသူများလည်းရှိသည်ဟု မင်းတပ်မြို့ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့၏ ထုတ်ပြန်ချက်အရသိရသည်။ ချောင်းဆုံတိုက်ပွဲတွင် အာဏာသိမ်းစစ်ကောင်စီတပ်များသည် မင်းထို့အပြင် တပ်မြို့ အရှေ့ပြင်မီးသတ်ကုန်း၊ ဘောင်ထဲရွာ၊ ကျောက်ထုအမြောက်တပ် စသည်တို့မှ ပစ်ကူသည့်အပြင်လေယာဉ်ဖြင့် ဗုံး ၂ ကြိမ်ကြဲခဲ့သည်။

CDF မင်းတပ်မှလည်း ၃ ဦး ကျဆုံးပြီး ဒဏ်ရာရသူ ၂၀ ဝန်းကျင်ရှိပြီး ချောင်းဆုံတိုက်ပွဲတွင် ၂ ဦး (ထန်းမာန် – စိချဲ့နှင့် ဟာဖေ – မရှိန်းလှော်) တို့ကျဆုံးပြီး ဒဏ်ရာရသူ ၆ ဦးခန့်ရှိပြီး ယုက်ရွာတိုက်ပွဲ မင်းတပ် CDF ဘက်မှ တစ်ဦး (ရဲဘော် ငိုင်းရှိန်းမာန် – ဝကောက်) ကျဆုံးပြီး ဒဏ်ရာရသူ ၁၅ ဦးခန့် ရှိသည်ဟုသိရသည်။ https://khonumthung.org/

*******************

## ၂၁။ ရခိုင်တွင် မိုင်းနှင့် စစ်ကျန်လက်နက်များပေါက်ကွဲ၍ သေဆုံးသူ (၄၉) ဦးနှင့် ဒဏ်ရာရသူ (၇၉) ဦးအထိရှိလာ

07 Jun, 2021

ရခိုင်ပြည်နယ်တွင် မိုင်းနှင့် စစ်ကျန်လက်နက်ပစ္စည်းများပေါက်ကွဲမှုကြောင့် သေဆုံးသူ (၄၉) ဦးနှင့် ဒဏ်ရာရသူ (၇၉)ဦးအထိရှိလာနေကြောင်း ရခိုင်တိုင်းရင်းသားမျိုးနွယ်များအစည်းအရုံး(REC)မှ သိရသည်။

အဆိုပါစာရင်းမှာ ရခိုင်တွင် တိုက်ပွဲများစတင်ဖြစ်ပွားခဲ့သည့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလမှ ယခုနှစ် ၂၀၂၁ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့အထိ ကောက်ယူထားသည့်စာရင်းဖြစ်သည်ဟု REC က ဆိုသည်။

ရခိုင်တွင် တိုက်ပွဲများစတင်ဖြစ်ပွားခဲ့သည့်အချိန်မှ ယခုနှစ် အစောပိုင်း ဖေဖော်ဝါရီလ ၁၅ ရက်နေ့အထိ မိုင်းနှင့် စစ်ကျန်လက်နက်ပစ္စည်းများပေါက်ကွဲမှုကြောင့် လူပေါင်း (၃၀) ကျော်သေဆုံးပြီး (၇၀) ခန့်ထိခိုက်ဒဏ်ရာရခဲ့သည်ဟု REC ၏စာရင်းများအရ သိရသည်။ အဆိုပါစာရင်းနှစ်ခုကို နှိုင်းယှဉ်ကြည့်ပါက ရခိုင်တွင် မိုင်းနှင့် စစ်ကျန်လက်နက်ပစ္စည်းများပေါက်ကွဲမှုကြောင့် သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရသူဦးရေမှာ တိုးလာနေသည်ကိုတွေ့ရသည်။ ပြီးခဲ့သည့် ရက်ပိုင်း

ဖြစ်သည့် ဇွန်လ ၄ ရက်နေ့၊ နံနက် ၁ နာရီကလည်း ပုဏ္ဏားကျွန်းမြို့တွင် ဖားရှာသွားရာမှ ကောက်ယူလာသည့်စစ်လက်ကျန်ဗုံးပေါက်ကွဲမှုကြောင့် ဒေသခံ ၄ ဦး ပွဲချင်းပြီးသေဆုံးခဲ့သည်။

တစ်ဘက်တွင်လည်း တပ်မတော်က ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း ရန်ကုန်-စစ်တွေကားလမ်းမ ဘေးဝဲယာနှင့် ကျေးရွာအချို့တို့တွင် မိုင်းရှင်းလင်းရေးလုပ်ဆောင်ခဲ့မှုများရှိခဲ့သည်။ သို့သော် တိုက်ပွဲများဖြစ်ပွားခဲ့ဖူးသည့်ကျေးရွာအနီးများနှင့် တောတောင်အနီးနေရာများတွင် မိုင်းရှင်းလင်းမှုများကို ထိထိရောက်ရောက်လုပ်ပေးရန် လိုနေသေးသည်ဟုလည်း ဦးဇော်ဇော်ထွန်းက ထောက်ပြသည်။ https://burmese.narinjara.com/news/detail/60bde5f47ac0b1046055f3e9

****************

## ၂၂။ ကလေးသူငယ်တွေ သတ်ဖြတ်ခံရမှုကို UNICEF နဲ့ NUG လက်မခံ

2021-06-08

စစ်တပ်က အာဏာသိမ်းပြီး သုံးလကျော်အတွင်း တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ စစ်ကောင်စီတပ်ဖွဲ့ဝင်တွေရဲ့ သတ်ဖြတ်ခံခဲ့ရတဲ့ ကလေးသူငယ်စုစုပေါင်း ၇၃ ဦးထိ ရှိလာပြီလို့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) လူ့အခွင့်အရေးဝန်ကြီး ဦးအောင်မျိုးမင်းက RFA ကို ပြောပါတယ်။

ဒီအရေအတွက်ဟာ ဆိုရှယ်မီဒီယာပေါ်တက်လာတဲ့ သတင်းတွေပေါ် အခြေခံပြီး ဒေသခံတွေနဲ့ မျက်မြင် တွေ့ရှိသူတွေ ပြောပြတဲ့ ခိုင်မာတဲ့ အချက်အလက်တွေကို ကောက်ယူစုဆောင်းထားတဲ့ အရေအတွက် ဖြစ်တယ်လို့ ဦးအောင်မျိုးမင်းက ဆိုပါတယ်။ ကလေးငယ်တွေဟာ လမ်းပေါ်မှာ ဆန္ဒပြရင်း အပစ်ခံရတာတွေ မဟုတ်ဘဲ၊ နေအိမ်မှာ နေထိုင်ရင်း အာဏာရှင်ဆန့်ကျင်ရေး ကန့်ကွက်ဆန္ဒပြသူတွေကို ရဲနဲ့ စစ်တပ်က လိုက်လံပစ်ခတ်မှုကြောင့် ကျည်ထိမှန် သေဆုံးခဲ့ရတာ ဖြစ်ပါတယ်။

ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ ယူနီဆက် (UNICEF) က ကောက်ယူထားတဲ့ စာရင်းတွေအရ၊ စစ်တပ်အာဏာသိမ်းပြီးချိန်ကစပြီး အခုချိန်ထိ လေးလကျော် ကာလအတွင်းမှာ၊ စစ်ကောင်စီတပ်တွေရဲ့ ပစ်ခတ်မှု ကြောင့် ယောကျ်ားလေး ၄၈ ဦးနဲ့ မိန်းကလေး ခုနစ် ဦး၊ စုစုပေါင်း ကလေးသူငယ် ၅၅ ဦး သေဆုံးခဲ့တယ်လို့ ဇွန်လ (၃) ရက်နေ့က ကလေးသူငယ်တွေ အသတ်ခံရမှုနဲ့ပတ်သက်ပြီး RFA က မေးမြန်းစဉ် တုံ့ပြန်ဖြေကြားခဲ့ပါတယ်။

https://www.rfa.org/burmese/news/unicef-and-nug-not-accept-killing-children-06082021054200.html

*******************

## ၂၃။ မင်းတပ်မြို့အချုပ်မှာ အရပ်သားတွေ အစားအသောက် လုံလောက်အောင်မစားရဘဲ နှိပ်စက်ခံနေရ

2021-06-08

စစ်ကောင်စီရဲ့တပ်တွေကို ခုခံတော်လှန်နေတာ တစ်လခွဲကျော်နေပြီဖြစ်တဲ့ ချင်းပြည်နယ် မင်းတပ်မြို့ မှာ နှစ်ဖက်သေဆုံးဒဏ်ရာရတာရှိသလို၊ အဖမ်းခံထားရတဲ့အရပ်သားတွေ အချုပ်ထဲမှာ နှိပ်စက်ခံရတာလည်း ရှိနေပါတယ်။ ချင်းပြည်နယ် တောင်ပိုင်း မင်းတပ်မြို့ရဲ့စခန်းမှာ အချုပ်ကျနေတဲ့သူ ဒေသခံအရပ်သား ၂၀ လောက်ရှိနေပြီး သူတို့ကို အစားအသောက်လုံလောက်အောင် မကျွေးသလို၊ ရေပဲသောက်နေရတာ နှစ်ရက်လောက်ရှိပြီလို့ RFA က စုံစမ်းသိရှိရပါတယ်။

ဒါကြောင့် အပြင်ကဒေသခံတွေကို ဆက်သွယ်ဖို့ ကြိုးစားနေတယ်လို့ မင်းတပ်မြို့ CDF အဖွဲ့ ပြန်ကြားရေး တာဝန်ခံက RFA ကို ပြောပါတယ်။

စစ်ကောင်စီတပ်တွေကို ရရာလက်နက်နဲ့ ပြန်လည်ခုခံနေတဲ့ မင်းတပ်မြို့မှာ ဇွန်လ ၃ရက်နေ့ကနေ ဒီနေ့ ဇွန်လ ၈ နေ့အထိလည်း မင်းတပ်ဒေသကာကွယ်ရေး CDF အဖွဲ့နဲ့ တိုက်ပွဲတွေဆက်ဖြစ်နေပါတယ်။ ဒီနေ့ မနက်မှာတော့ CDF အဖွဲ့ဝင် တစ်ဦး သေဆုံးခဲ့ပြီး ငါးဦး ဒဏ်ရာရခဲ့တယ်လို့ မင်းတပ်မြို့ CDF အဖွဲ့ ပြန်ကြားရေးတာဝန်ခံက ပြောပါတယ်။ မင်းတပ်မြို့ပေါ်ကနေ နီးစပ်တဲ့ရွာတွေ၊ တောတောင်တွေနဲ့ ယောနယ်ဘက်တွေကို တိမ်းရှောင်နေရတဲ့ စစ်ပြေး ဒုက္ခသည်ဦးရေ တစ်သောင်းကျော်ဝန်းကျင်ရှိနေပြီး သူတို့ရှောင်တဲ့နေရာတွေကိုပါ စစ်တပ်က လက်နက်ကြီး တွေနဲ့ ပစ်ခတ်တာတွေရှိတယ်လို့ ထွက်ပြေးနေရတဲ့ ဒုက္ခသည်တစ်ယောက်က RFA ကိုပါတယ်။

မင်းတပ်နဲ့ ဒီပဲယင်းဖြစ်ရပ်မှာ စစ်တပ်ဘက်က အသေအပျောက်ရှိတယ်ဆိုတဲ့ကိစ္စနဲ့ ပတ်သက်လို့ စစ်ကောင်စီ ရဲ့ ပြန်ကြားရေး ဒုဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းကို RFA က ဆက်သွယ်မေးမြန်းခဲ့ပေမယ့် တယ်လီဖုန်းလက်ခံ ဖြေဆိုတာမရှိပါဘူး။

https://www.rfa.org/burmese/news/military-torture-arrest-civilians-in-mindat-06082021060941.html

********************

## ၂၄။ RCSS နဲ့ SSPP တိုက်ပွဲ ဒေသခံတစ်ထောင်လောက် ထွက်ပြေးနေရ

2021-06-07

ရှမ်းပြည်တောင်ပိုင်း ကျေးသီးမြို့နယ် မိုင်းကောင်ရွာအနားတဝိုက်မှာ ဇွန်လ ၁ ရက်နေ့ကစပြီး ဒီနေ့ထိ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS နဲ့ ရှမ်းပြည်တိုးတက်ရေးပါတီ SSPP တပ်တွေ တိုက်ပွဲ ဖြစ်ပွားနေပါတယ်။ ရှမ်းလက်နက်ကိုင်တပ်တွေ အချင်းချင်းဖြစ်နေတဲ့ အဲဒီတိုက်ပွဲကြောင့် ရွာငါးရွာက အရပ်သားတစ်ထောင် နီးပါးဟာ ကျေးသီးမြို့ပေါ်နဲ့ ဘုန်းကြီးကျောင်းလေးကျောင်းမှာ ခိုလှုံနေရတယ်လို့ ဒုက္ခသည်တွေကို ကူညီပေးနေတဲ့ အမည်မဖော်လိုတဲ့ ကျေးသီးမြို့ခံ အမျိုးသမီးတစ်ဦးက RFA ကို ပြောပါတယ်။

(RCSS နဲ့ SSPP တိုက်ပွဲကြောင့် ထွက်ပြေးနေရတဲ့ ကျေးသီးမြို့နယ်က ရွာသားများ) Photo CJ

ဇွန်လတစ်ရက်နေ့ထဲက SSPP တပ်က အင်အားတစ်ထောင်လောက်နဲ့ ကျေးသီးမြို့နယ် လွိုင်ဟုန်းတောင်မှာ တပ်စွဲထားတဲ့ RCSS တပ်ကို ထိုးစစ်ဆင်လာလို့ တိုက်ပွဲစဖြစ်တာလို့ RCSS အဖွဲ့ ပြောခွင့်ရသူ ဗိုလ်မှူး စိုင်းခမ်းစံ က ပြောပါတယ်။ ဇွန်လ ငါးရက်နေ့မှာတော့ လွိုင်ဟုန်းတောင်မှာ တိုက်ပွဲပြင်းထန်ခဲ့ပြီး ကျေးသီးမိုင်းနောင် လမ်းပိုင်းတလျှောက် စစ်ကောင်စီဘက်က တြိဂံဒေသတိုင်း လက်အောက်ခံ ခမရ(၅၇၃)တပ်တွေပါ လှုပ်ရှားလာနေတယ်လို့ ပြောပါတယ်။

ကျေးသီးမြို့နယ် နမ့်ဓော်ဆိုင်ရွာ လွိုင်ဟုန်းတောင်ကျောဟာ အရင်က SSPP နဲ့ RCSS တပ်ဖွဲ့ တွေ တစ်ဝက်စီ စိုးမိုးထားကြပြီး၊ ၂၀၁၅ မှာ RCSS က စစ်တပ်နဲ့ပေါင်းပြီး လွိုင်ဟုန်းတောင်က SSPP တပ်တွေကို ထိုးစစ်ဆင် ခဲ့လို့ SSPP တပ်ဖွဲ့စိုးမိုးတဲ့ ကျေးသီးမြို့နယ်က ကျေးရွာအုပ်စု လေးအုပ်စုကိုလည်း လက်လွှတ်ခဲ့ရတယ်လို့ SSPP က ပြောပါတယ်။ အဲဒီနေရာတွေမှာ RCSS တပ်ဖွဲ့တွေကို ဒေသခံတွေက ငွေကြေးနဲ့လူသစ်ပေးရတဲ့ ဝန်ထုပ်ဝန်ပိုးတွေ ဖြစ်လာ လို့ ဆုတ်ခွာပေးဖို့ မေတ္တာရပ်ခံပေမယ့် လက်မခံတာကြောင့် တိုက်ပွဲဖြစ်ရတာလို့လည်း SSPP က တုံ့ပြန် ပါတယ်။

https://www.rfa.org/burmese/news/rcss-sspp-battle-villagers-flee-06072021060159.html

*******************

မှတ်ချက်။ သက်ဆိုင်ရာသတင်းမီဒီယာအသီးသီးမှ ကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။

** ပြီး **